# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 29 , 2022 Volume 60, Number 19

၂၉.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၅၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၇၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

### မန္တလေးကုန်စည်ဒိုင် ပြောင်းဖူးစေ့ ဈေးမြင့်လာ

နိုဝင်ဘာလ နောက်ဆုံးပတ် မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပျဉ်းမနား၊ တပ်ကုန်းဘက်မှ ပြောင်းဖူးစေ့အသစ်များ ဝင်ရောက်နေပြီး၊ ရန်ကုန်သင်္ဘောတင်ဝယ်လက်နှင့် တိရစ္ဆာန်အစာတောင့်စက်ရုံများမှ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၁၄ ပိဿာဝင်သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၆၀၅၀၀ မှ ၆၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀၀ မှ ၅၅၀၀၀ ၊ ယခင်လ ကျပ် ၅၄၀၀၀ မှ ၅၃၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၂၅၀၀ မှ ၅၀၀၀ ၊ ယခင်လထက် ကျပ် ၆၅၀၀ မှ ၇၀၀၀ မြင့်တက်လာသည်။

**စီပီပြောင်း** ၁၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၆၀၅၀၀ မှ ၆၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀၀ မှ ၅၆၅၀၀၊ ယခင်လ ကျပ် ၅၄၀၀၀ မှ ၅၃၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၂၅၀၀ မှ ၃၅၀၀ ၊ ယခင်လ ထက် ကျပ် ၆၅၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၁၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၉၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၅၇၀၀၀ မှ ၅၅၀၀၀၊ ယခင်လ ကျပ် ၅၃၅၀၀ မှ ၅၃၀၀၀ ဖြစ်သည်။ သုံးတင်းဝင်တစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၄၀၀၀၊ ယခင်လထက် ကျပ် ၅၅၀၀ မှ ၆၀၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဇုန်ဟိုဌာန**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

### စိုက်ပျိုးမှုကုန်ကျစရိတ်တွေကြီးတာကြောင့် နွေစပါးစိုက်ပျိုးဖို့ တောင်သူတွေ အခက်အခဲဖြစ်နေ




ယခုနှစ် နွေစပါးစိုက်ပျိုးတဲ့ ရာသီကိုရောက်ရှိလာပြီဖြစ်ပေမယ့် စိုက်ပျိုးမှုကုန်ကျစရိတ်တွေ အဆမတန် ကြီးမြင့်နေတာကြောင့် နွေစပါးစိုက်ဖို့ တောင်သူတွေအနေနဲ့ အခက်အခဲတွေရှိနေတယ်လို့ တောင်သူတွေထံက သိရပါတယ်။

နွေစပါးစိုက်ပျိုးရာမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးဈေးနှုန်းတွေ ကြီးမြင့်မှု၊ စိုက်ပျိုးမှု ကုန်ကျစရိတ်တွေ အဘက်ဘက်က များပြားလာမှုတို့ကြောင့် တောင်သူအများစု နွေစပါးစိုက်ပျိုးဖို့ အခက်အခဲတွေဖြစ်ပေါ်နေကြကြောင်း၊ ကုန်ကျစရိတ်တွေများပြီး ငွေကြေးမလိုက်နိုင်တော့တာကြောင့် အချို့

သောတောင်သူများမှာ နှမ်းစပါးစိုက်ပျိုးမယ့် လယ်ယာမြေကေတွေကို လျော့ချစိုက်ပျိုးမှုတွေရှိလာတယ်လို့ တောင်သူတွေက ဆိုပါတယ်။

“နှမ်းစပါးစိုက်ရာမှာ အထွက်တိုးဖို့ဆိုရင် ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတို့ ပေါင်းသတ်ဆေးတို့ကို လိုသလောက် အသုံးပြုနိုင်ဖို့လိုတယ်။ မသုံးနိုင်ရင်တော့ အထွက်နှုန်းကလျော့မှာပဲ။ ဒီနှစ်က စက်သုံးဆီဈေးတွေ တက်နေတဲ့အတွက် ထွန်ယက်စိုက်ပျိုးစရိတ်တွေကလည်းကြီးပြီး ဓာတ်မြေဩဇာဈေးနှုန်းနဲ့ပိုးသတ်ဆေးတွေရဲ့ ဈေးနှုန်းကလည်းကြီးတဲ့အတွက် နှမ်းစပါးစိုက်ပျိုးဖို့အတွက် စပါးစိုက်တောင်သူတွေအနေနဲ့ အခက်အခဲတွေဖြစ်ပေါ်နေတယ်။ အရင်လို မြေဩဇာကုမ္ပဏီတွေက အကြွေးစနစ်နဲ့မရောင်းတော့ ပိုဆိုးတာပေ့ါ။ ငွေတိုးယူပြီး စိုက်ရမယ်ဆိုရင်လည်း အထွက်မကောင်းရင် ရှုံးအုံးမှာပဲ။ အခုမိုးစပါးက ဈေးကောင်းတယ်ဆိုပေမယ့် တကယ်တမ်းက အမြတ်သိပ်မကျန်ဘူး။ တချို့ဆို အရင်းပါရှုံးတယ်။ အဲ့တော့ နှမ်းစပါးစိုက်ဖို့လည်း ခပ်လန့်လန့်ပဲ” လို့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နေ စပါးစိုက်တောင်သူ ကိုအောင်ကိုဦးက ပြောပါတယ်။

လက်ရှိ ပြည်တွင်းမှာလိုအပ်နေတဲ့ ဓာတ်မြေဩဇာကို ပြည်ပကနေ ၉၈ ရာခိုင်နှုန်းခန့် တင်သွင်းနေရတာဖြစ်ပြီး ယခင်က ဓာတ်မြေဩဇာ တစ်အိတ် ကျပ် ၃၀၀၀၀ ပေါက်ဈေးရှိခဲ့ပေမယ့် ၂၀၂၁ ခုနှစ်ကစပြီး နှစ်နှစ်အတွင်း ဓာတ်မြေဩဇာ တစ်အိတ်ကို ကျပ် ၈၀၀၀၀ ကျော်မှ တစ်သိန်းကျော်အထိ ဈေးနှုန်းမြင့်တက်လျက်ရှိနေတယ်လို့ တောင်သူတွေထံက သိရပါတယ်။

မြန်မာနိုင်ငံ၌ နှစ်အလိုက် မိုးစပါးနှင့်နှမ်းစပါး စုစုပေါင်းစိုက်ပျိုးမှု အခြေအနေကိုလေ့လာကြည့်ပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၅ ဒသမ ၀၈ သန်း၊ နှမ်းစပါး ၂ ဒသမ ၇၈ သန်း စုစုပေါင်း စိုက်ဧက ၁၇ ဒသမ ၈၆ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၄ ဒသမ ၉၈ သန်း၊ နှမ်းစပါး ၂ ဒသမ ၃၃ သန်း စုစုပေါင်း စိုက်ဧက ၁၇ ဒသမ ၃၁ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မိုးစပါး ၁၅ သန်းနှင့် နှမ်းစပါး ၂ သန်း စုစုပေါင်း စိုက်ဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့တယ်လို့ သိရပါတယ်။

**ဤသတင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## ပြည်တွင်းဆီစက်များအတွက် ဆီစက်ချေးငွေထုတ်ပေးမည်




ပြည်တွင်းဆီစက်တွေ အဆင့်မြှင့်တင်နိုင်ဖို့အတွက် မြန်မာနိုင်ငံသား ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို ဆီစက်ချေးငွေထုတ်ပေးမယ်လို့ စက်မှုဝန်ကြီးဌာနက ကြေညာပါတယ်။ ပြည်တွင်းစားသုံးဆီ ဖူလုံစေဖို့၊ ပြည်ပက စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်စေဖို့နဲ့ အရည်အသွေးမီ စားသုံးဆီတွေ ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်တာပါ။ ပြည်တွင်း ဆီစက်တွေ တိုးချဲ့တပ်ဆင်တာ၊ အဆင့်မြှင့်တင်တာနဲ့ ခေတ်မီဆီစက်အသစ်တွေ တည်ဆောက်တာတွေအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ဖြည့်ဆည်းပေးဖို့ ဆောင်ရွက်တာလို့ ကြေညာချက်မှာ ဖော်ပြပါတယ်။

ချေးငွေအဆိုပြုလွှာပုံစံကို စက်မှုကြီးကြပ်ရေးနဲ့စစ်ဆေးရေးဦးစီးဌာနဝက်ဘ်ဆိုဒ်နဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွေမှာ ရယူနိုင်ပါတယ်။ ချေးငွေအဆိုပြုလွှာနဲ့ စာရွက်စာတမ်းတွေကို နေပြည်တော် ဆီစက်လုပ်ငန်းများ၏ ချေးငွေလိုအပ်ချက်ကို လေ့လာသုံးသပ်တင်ပြရေးအဖွဲ့ရုံးကို ပေးပို့ရမယ်လို့ သိရပါတယ်။ ချေးငွေ အဆိုပြုလွှာအတွက် ပိတ်သိမ်းမယ့်ရက်ဟာ လာမယ့် ဒီဇင်ဘာ ၂၇ ရက်ဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းအထိ စာရင်းတွေအရ တစ်နိုင်ငံလုံးမှာ ဆီစက်အကြီးစား ၂၃၀ ကျော်၊ ဆီစက်အလတ် ၉၂၀ ကျော်နဲ့ ဆီစက်ငယ် ၃၁၀၀ ကျော် ရှိတယ်လို့သိရပါတယ်။ ပြည်တွင်းဆီစက်တွေရဲ့ လက်ရှိစားသုံးဆီထုတ်လုပ်မှုဟာ တစ်နှစ် တန်ချိန် ၆၆၀၀၀ ကျော်သာရှိပြီး နှစ်စဉ် ဆီတန်ချိန် ၁ သန်းခန့် လိုအပ်ချက်ရှိနေတာပါ။

**ဤသတင်းပါးကို Bloomberg Myanmarမှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## ပြည်ပနိုင်ငံများမှ ဝယ်ယူမှုမရှိတော့သည့်အတွက် နှမ်းဈေးကျဆင်းလာကာ သိုလှောင်ထားသည့်ကုန်သည်များ ဆုံးရှုံးနိုင်




ပြည်ပဝယ်လိုအား မရှိသလောက်ဖြစ်နေသည့်အတွက် ပြည်တွင်းနှမ်းဈေးများ ကျဆင်းသွားကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။ ပြည်တွင်း၌လည်း အရည်သွေးမမီသည့် နှမ်းများသာ ကျန်ရှိတော့သဖြင့် ပြည်တွင်းမှ အဓိကတင်ပို့နေသည့် တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံများမှာ လက်ရှိဝယ်ယူမှုမရှိတော့ကြောင်း သိရသည်။

အဆိုပါနိုင်ငံများသို့ အိန္ဒိယနှမ်းများ အဝင်များလာသည့်အတွက် ဝယ်ယူမှုလျော့ကျလာခြင်းဖြစ်ကြောင်းလည်း သိရသည်။ " နှမ်းဈေးကွက်အေးပြီး ကျနေပါတယ်။ ဂျပန်နဲ့ တရုတ်ကလဲ ဝယ်ယူမှုမရှိတော့ဘူး၊ မြန်မာပြည်မှာ နှမ်းက တစ်ရာသီပြီး တစ်ရာသီပေါ်နေတော့ မိုးနှမ်းပြီး ဆောင်းနှမ်း၊ ဆောင်းနှမ်းပြီး နွေနှမ်းဆိုတော့ အရည်သွေးကောင်းတဲ့နှမ်းတွေပဲ စောင့်ဝယ်ချင်တယ်။ ဒါကြောင့် အရည်သွေးသိပ်မကောင်းတဲ့ နှမ်းတွေကျ သိပ်မဝယ်ချင်ကြတော့ ဈေးကျသွားတယ်။ ဝယ်ယူနေကြနိုင်ငံတွေကို အိန္ဒိယက နှမ်းနီတွေ ပတ်ဝင်နေတယ်။ အဲ့ဘက်ကနှမ်းက ဈေးချိုတယ်" ဟု အောင်လံ ကုန်စည်ဒိုင်မှ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးက ပြောသည်။

ထို့ကြောင့် ပြည်တွင်းဈေးကွက်၌ အရည်သွေးမကောင်းသည့် နှမ်းညံ့များသာ အများအပြားကျန်နေသေးကြောင်း ဈေးကွက်မှ သိရသည်။ ယခင်က နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင် သုံးသိန်း အထက်ထိ ရှိခဲ့ပြီး လက်ရှိတွင် နှမ်းနက် ၄၅ ပိဿာဝင်တစ်အိတ်လျှင် နှစ်သိန်းလေးသောင်းခန့်ထိ သိသိသာသာ နှစ်ဆယ်ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း သိရသည်။ ထိုကဲ့သို့ကျဆင်းနေခြင်းကြောင့် နှမ်းလှောင်ထားသည့် ကုန်သည်များရှုံးနိုင်ကြောင်း လုပ်ငန်းရှင်တစ်ချို့က သုံးသပ်ကြသည်။

ပြည်တွင်းဈေးကွက်တွင် နှမ်းဝယ်သူများအနေဖြင့် နှမ်းအတွင်း အက်စစ်ဓာတ်ပါဝင်မှုကိုတိုင်းတာပြီးမှ ဝယ်ယူခြင်းများ ရှိကြောင်းသိရသည်။ "အက်စစ်ဓာတ်ကို အဆင့်တစ်လောက်မှ အရောင်းဝယ်ရှိတယ်။ အက်စစ်ဓာတ်စစ်လို့ အဆင့်လေးလောက်ဆို ဈေးကွက်မှာ နှစ်သိန်းလောက်ပဲရှိတယ်။ အရင်တုန်းကတော့ အဲ့နှမ်းတွေက နှစ်သိန်းရှစ်သောင်းလောက် ရှိတယ်။ အခုဈေးကျတော့ အရောင်းဝယ်အေးတယ်"ဟု နှမ်းကုန်သည်တစ်ဦးကပြောသည်။ ရှေ့လျှောက် နှမ်းဈေးကွက်မှာ အလားအလာမကောင်းကြောင်း နှမ်းကုန်သည်များနှင့် လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ထို့အပြင် နယ်စပ်ဂိတ်များပိတ်ထားသည့်အတွက် ပြည်ပသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေရသောကြောင့် ကုန်ကျစရိတ်ပိုမိုများနေကြောင်း ကုန်သည်များကဆိုသည်။ မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့်ထိုင်ဝမ်တို့ကိုလည်းတင်ပို့လေ့ရှိပြီး တရုတ်နိုင်ငံတခုတည်းသာ အားထားတင်ပို့နေရကြောင်း ကျန်နိုင်ငံများသို့တင်ပို့ရန် အခက်အခဲများစွာရှိနေကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြားစိုက်ပျိုးလျက်ရှိပြီး မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှထွက်ရှိသည့် နှမ်းနက်သည် အရည်အသွေးအလွန်ကောင်းမွန်သဖြင့် ဂျပန်နိုင်ငံမှ အလွန်နှစ်သက်ကြောင်းလည်း လေ့လာတွေ့ရှိရသည်။

**Source: AMIA**

https://t.me/htwettoe

## ရာသီဥတုဖောက်ပြန်မှု စပါးဖျက်ခရုနှင့်ပိုးကျခြင်းများကြောင့် ပေါင်မြို့နယ်တွင် တစ်ဧကစပါးအထွက်နှုန်းလျော့ကျ

ရာသီဥတုဖောက်ပြန်မှု၊ စပါးဖျက်ခရုနှင့် ပိုးကျခြင်းများကြောင့် တစ်ဧကစပါးအထွက်နှုန်း သိသိသာသာလျော့ကျခဲ့ကြောင်း ပေါင်မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများထံမှသိရသည်။ ယခုနှစ် မိုးဦးကာလ စပါးခင်းများ ရေကြီးရေမြုပ်ခြင်း၊ စပါးဖျက်ခရုကိုက်ဖြတ်ခြင်းများကြောင့် စပါးခင်းများ ပျက်ဆီးမှုများပြားခဲ့သည့်အပြင် စပါးပင်ရင့်မှည့်ချိန်

တွင်လည်း စပါးဖျက်ပိုးကျခဲ့သည့်အတွက်ကြောင့် ယခုနှစ် စပါးအထွက်နှုန်း သိသိသာသာလျော့ကျသွားကြောင်း ဇင်းကျိုက်မြို့မှ စပါးစိုက်တောင်သူတစ်ဦးက ပြောကြားသည်။ ၎င်းကဆက်လက်ပြီး "အရင်နှစ်က တစ်ဧကစပါးတင်း (၄၀) လောက်ထွက်ခဲ့တယ်။ ဒီနှစ်တော့ တစ်ဧက စပါးတင်း (၂၀) လောက်ပဲထွက်တယ်။ အဲ့ဒီအပြင် စပါးကိုနေလှမ်းတဲ့အချိန်မှာ တစ်ခါမိုးကရွာပြန်ရော။ ဒီနှစ်တော့အရှုံးပေါ်မယ်" ဟု ပြောကြားသည်။ လက်ရှိ ပေါ်ဆန်းမွှေး တင်း (၁၀၀) လျှင် ကျပ် (၁၄) သိန်း ပေါက်ဈေးရှိနေသော်လည်း စပါးအထွက်နည်းသည့်အပြင် သွင်းအားစုစရိတ်ကြီးမြင့်မှုကြောင့် စပါးစိုက်တောင်သူများ တွက်ခြေမကိုက်ကြကြောင်း သိရသည်။

"အရင်နှစ်က စပါးပေါ်စဦးမှာ ပေါ်ဆန်းစပါးက (၇) သိန်း၊ (၈) သိန်းလောက်ပဲရှိတယ်။ အဲ့ဒီအချိန်တုန်းက စပါး တစ်ဧကကို တင်း (၄၀) လောက်ထွက်တယ်။ ဒီနှစ်မှာ စပါးတစ်ဧကကို တင်း (၂၀) လောက်ပဲထွက်တော့ စပါးဈေးက တက်လာတယ်။ ဒါပေမယ့် အရှုံးပေါ်ကြတယ်။ လယ်သမားတွေရဲ့ဘဝက အဲ့ဒီလိုပါပဲ" ဟု ပေါင်မြို့မှ စပါးစိုက် တောင်သူတစ်ဦးက ပြောကြားသည်။

လက်ရှိစပါးဈေးကွက်အတွင်း ပေါ်ဆန်းစပါး တင်း (၁၀၀) လျှင် ကျပ် (၁၄) သိန်းနှင့် ဧစိန်အုပ်စု စပါးတင်း (၁၀၀) လျှင် ကျပ် (၁၁) သိန်း ပေါက်ဈေးရှိနေကြောင်း စပါးစိုက်တောင်သူများ၏ ပြောကြားချက်များအရသိရသည်။ ပေါင်မြို့နယ်အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးဧကပေါင်း (၁၂၀၀၀) ကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**Source:** https://news-eleven.com/article/241052

## ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်သည့် နယ်စပ်စခန်းများအနက် မြဝတီ၊ ကော့သောင်းနှင့်မောတောင်တို့မှ ကုန်သွယ်မှုလျော့ကျနေ

ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုဆောင်ရွက်သည့် နယ်စပ်စခန်းများအနက် မြဝတီ၊ ကော့သောင်းနှင့်မောတောင်နယ်စပ် ကုန်သွယ်ရေးစခန်းများမှာ ယခင်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှုလျော့ကျနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ နိုဝင်ဘာ ၁၈ ရက်အထိ မြဝတီစခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၄၁၅ ဒသမ ၉၇၄ သန်းရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ ၁၄၅ ဒသမ ၅၉၅ သန်း လျော့ကျခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ ကော့သောင်းစခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၃၄ ဒသမ ၈၂၃ သန်းရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၈ ဒသမ ၈၄၅ သန်း လျော့ကျခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ မောတောင်စခန်းမှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၇ ဒသမ ၃၂၅ သန်းရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ ၁ ဒသမ ၀၁၆ သန်း လျော့ကျခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရန်အတွက် မြန်မာဘက်တွင် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မောတောင်စသည့်နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက် ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော၊ အခြားကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ ရင်းနှီး မြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းစသည်တို့ကို အဓိကတင်သွင်းနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသား ပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၉ ဒသမ ၅ ဘီလျံကျော်သာရရှိပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၇ ဒသမ ၁၄၆ ဘီလျံကျော် ကုန်သွယ်မှုလျော့ကျခဲ့သည်။

**Source:** https://news-eleven.com/article/241081

## ဗီယက်နမ်ဆန်ဈေး ၁၆ လအတွင်း အမြင့်ဆုံးရောက်



https://greenwaymyanmar.com

ယခုအပတ်အတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဗီယက်နမ်နိုင်ငံရဲ့ ဆန်တင်ပို့ဈေးနှုန်းတွေဟာ ၂၀၂၁ ခုနှစ် ဇူလိုင်လနောက်ပိုင်း အမြင့်ဆုံးအထိ ရောက်ရှိသွားခဲ့ပါတယ်။ ကုန်သည်တွေက ဆန်ရောင်းလိုအား ကျဆင်းလာမယ်လို့ ခန့်မှန်းနေကြတာ၊ ဆန်ဝယ်လိုအား မြင့်တက်လာတာတွေကလည်း နှစ်ကုန်ပိုင်းမှာ ဆန်ဈေးနှုန်းတွေ ပိုကောင်းလာစေနိုင်တာကြောင့် အခုလို ဈေးနှုန်းမြင့်တက်ခဲ့တာပါ။ ဗီယက်နမ် ငါးမှတ်ဆန် FOB ဈေးနှုန်းဟာ အရင်အပတ်က တစ်တန်ကို ၄၂၅-၄၃၀ ဒေါ်လာကြား ရပ်တည်ခဲ့ရာကနေ အခုအပတ်မှာတော့ တစ်တန်ကို ၄၃၈ ဒေါ်လာအထိ ရောက်ရှိလာတာဖြစ်ပါတယ်။

"ဒီအပတ်မှာ ဆန်ဈေးတွေ တက်လာရတာကတော့ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသထွက် ဆန်ရောင်းအားနည်းပါးလာလို့ဖြစ်ပါတယ်" လို့ မဲခေါင်မြစ်ဝကျွန်းပေါ် အန်ဂျင်းမြို့အခြေစိုက် ဆန်ကုန်သည်တစ်ယောက်ကပြောပါတယ်။ လက်ရှိဈေးနှုန်းအရဆိုရင် ဗီယက်နမ်ဆန်ဈေးဟာ တခြားနိုင်ငံတွေထက် ပိုကြီးမြင့်နေကြောင်း ၎င်းကဆက်ပြောပါတယ်။

ဆန်လက်ကျန် နည်းပါးနေတာအပြင် တရုတ်နဲ့ဥရောပနိုင်ငံတွေရဲ့ ဝယ်လိုအားမြင့်တက်လာတာကြောင့် ဆန်ဈေးတွေဟာ ဒီဇင်ဘာလကုန်ရောက်တဲ့အထိ တက်မြဲတက်နေဦးမယ်လို့ ကုန်သည်အချို့က ပြောပါတယ်။

ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး အိန္ဒိယနိုင်ငံရဲ့ ငါးမှတ်ပေါင်းဆန်ဈေးနှုန်းကတော့ တစ်တန်ကို ၃၇၃-၃၇၈ ဒေါ်လာအတိုင်း မပြောင်းမလဲ ရှိနေပါတယ်။ အိန္ဒိယဆန် တင်သွင်းနေကျနိုင်ငံတွေရဲ့ ဝယ်လိုအားကတော့ ကောင်းမွန်လျက်ရှိပါတယ်။ "တခြားဆန်တင်ပို့နိုင်ငံတွေမှာ ဈေးတွေမြင့်တက်နေပါတယ်။ ဒါကြောင့် အိန္ဒိယဆန်ဟာ ပို့ကုန်ခွန်ပေးချေပြီးချိန်မှာတောင် အခြားနိုင်ငံက ဆန်တွေထက် ဈေးပိုသက်သာနေပါတယ်" လို့ တောင်ပိုင်း အန္ဒြရဒေသပြည်နယ်၊ ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ယောက်က ပြောပါတယ်။

အိန္ဒိယအစိုးရဟာ တောင်သူလယ်သမားတွေဆီက ကောက်သစ်ကို တွန်းတွန်းတိုက်တိုက် ဝယ်ယူလာတာကြောင့် ပို့ကုန်သမားတွေအတွက် ဝယ်ယူစရာကုန်စည် အကန့်အသတ်နဲ့သာရှိနေတယ်လို့ ၎င်းလုပ်ငန်းရှင်ကပြောပါတယ်။ အိန္ဒိယအစိုးရဟာ တောင်သူတွေဆီက ဝယ်ယူတဲ့ ကောက်သစ်စပါး အခြေခံဝယ်ဈေးကို ငါးနှစ်အတွင်း အကြီးဆုံးမြှင့်တင်မှုအဖြစ် ၅ ဒသမ ၂ ရာခိုင်နှုန်း မြှင့်တင်ပေးခဲ့ပါတယ်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာတော့ သွင်းကုန်ခွင့်ပြုတာ၊ အခွန်လျှော့ချတာတွေ လုပ်ဆောင်ထားပေမဲ့ ပြည်တွင်းဆန်ဈေးတွေ ဆက်လက်မြင့်တက်နေသေးတယ်လို့ ကုန်သည်တွေကပြောပါတယ်။

ဘင်္ဂလားဒေ့ရှ်မှာ ရေကြီးရေလျှံမှုကြောင့် ဆန်စပါးအထွက် အရင်နှစ်ထက် တစ်ရာခိုင်နှုန်း ကျဆင်းပြီး တန်ချိန် ၃၅ ဒသမ ၆ သန်း လျော့နိုင်မယ်လို့ အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားပါတယ်။ ဘင်္ဂလားဒေ့ရှ်ဟာ ကမ္ဘာမှာ ဆန်စပါးထုတ်လုပ်မှု တတိယအများဆုံးဖြစ်ပေမဲ့ သဘာဝဘေးတွေ မကြာခဏကြုံတွေ့ရကာ ဆန်လိုအပ်ချက် ဖြစ်ပေါ်တတ်ပြီး သွင်းကုန်အပေါ် မှီခိုရလေ့ရှိပါတယ်။ ထိုင်း ငါးမှတ်ဆန်ဈေးကတော့ အရင်အပတ်က တစ်တန်ကို ၄၁၀-၄၂၅ ဒေါ်လာကြားရှိခဲ့ရာကနေ ဒီအပတ်မှာ ၄၁၉-၄၂၅ ဒေါ်လာကြားရပ်တည်ခဲ့ပါတယ်။

ထိုင်းဆန်ဈေးနှုန်းအပြောင်းအလဲဟာ ငွေလဲနှုန်းအပေါ်မူတည်ခဲ့တာဖြစ်ပြီး ပြည်ပဝယ်လိုအားက တည်ငြိမ်နေကာ အရောင်းအဝယ် ကြီးကြီးမားမားမဖြစ်ခဲ့ဘူးလို့ ကုန်သည်တွေကပြောပါတယ်။ “အရောင်းအဝယ်တချို့ရှိခဲ့ပေမဲ့ ကုန်သည်တွေ အများစုကတော့ အနာဂတ်မှာတက်လာမဲ့ အော်ဒါတွေအတွက် သီးနှံကြိုစုနေကြပါတယ်” လို့ ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ယောက်က ပြောပါတယ်။

Source: ASIA RICE-Tight supplies lift Vietnam rates to 16-month high - Reuters

https://greenwaymyanmar.com/posts/Vietnam_Rice_Export_Prices

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်မှ ၂၅ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူး ၄က်ပျော၊ ဆန်၊ ရော်ဘာ၊ နှမ်း၊ ကြံ၊ ဖရဲသီး၊ ပြောင်း၊ ပိုးလုံးအိမ်နှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၁၈၉၆၄၉ ဒသမ ၂၇ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၃၁၇၅၀၀ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၃၅၀၇၁၄၉ ဒသမ ၂၇ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ချည်ထည်များ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်ထားသောပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ သံနှင့်သံမဏိပစ္စည်းများ၊ သံပိုက်၊ မြက်ခင်းတုနှင့်အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၆၆၀၁၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၈၅၉၃၂ ဒသမ ၆ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၅၁၉၄၂ ဒသမ ၆ တင်သွင်းမှုရှိခဲ့ပါသည်။ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၈ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၅ ဒသမ ၈၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနောမြေကုန်သွယ်မှုဇုန်ဌာန**

## STOCK EXCHANGE (29.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -100 | -1.09% | 9,100 | 9,100 | 9,100 | 1,121 | 10,201,100 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,300 | 4,130 | 13,785,500 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 0 | 0 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +500 | +2.63% | 19,000 | 19,500 | 19,000 | 66 | 1,285,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 100 | 265,000 | 12,823,224 | 33,982 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 101 | 272,700 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,000 | 5,000 | 4,900 | 287 | 1,419,700 | 10,497,598 | 51,438 |

### Market summary

As of 29th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.02 | -0.41 | -0.10% | 403.58 | 403.58 | 400.79 | 5,805 | 27,229,500 | 7 | 699,363 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 29th Nov. 2022

| MYANPIX | 402.02 ▼ 0.41 |
|---|---|
| Total Volume (shares) | 5,805 |
| Total Value (MMK) | 27 mil |
| Listed Company | 7 |
| Market Cap. (MMK) | 699,363 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 500 |
| TMH | 00005 | 2,650 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR